# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး
# (၁၂)ရက်မြောက်နေ့မှတ်တမ်း

၁၃၇၅ ခုနှစ်၊ ဝါဆိုလဆန်း ၁၁ ရက်

( ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက် )

[ ကြာသပတေးနေ့ ]

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင် ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးသိန်းမော်၊ ညွှန်ကြားရေးမှူး လွှတ်တော်ရုံး က ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၂။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးရဲ့ (၁၂)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း(၂၂၀)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၇၂)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၇၈.၁၈)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန်လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက်ကျော်လွန်တဲ့အတွက် အမျိုးသား လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့ အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်းတင်ပြခြင်း

**အချိန်။ ၁၀း၀၄။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန် အစည်းအဝေးရဲ့ (၁၂)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ**။ ။ ယနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များရဲ့ အမည်စာရင်းကို ဖတ်ကြား တင်ပြပါမယ်။

ဒေါ်နန်းနီနီအေး၊ ကရင်(၆)၊ ခင်ပွန်း နေမကောင်း။ ဦးနေဝင်းထွန်း၊ ရှမ်း(၉)၊ ကိုယ်တိုင် ဆောင်ရွက်ရန်၊ ဦးစောအောင်ကျော်နိုင်(ခ)ရှားဘူးဖော့၊ ကရင်(၁)၊ ဇနီးကျန်းမာရေး။ ဦးလှစိုး၊ တနင်္သာရီ(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်၊ ဦးထွန်းမြင့်၊ စစ်ကိုင်း(၆)၊ ကျန်းမာရေး။ ဦးအေး၊ မန္တလေး(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုးအောင်၊ မန္တလေး(၁၁)၊ ကျန်းမာရေး။ ဦးစိုးဝင်း၊ ဧရာဝတီ(၂)၊ ဒေသ ဖွံ့ဖြိုးရေး။ ဦးရဲမြင့်၊ ပဲခူး(၄)၊ ကျန်းမာရေး။ ဦးဇုန်လှယ်ထန်း၊ ချင်း(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုင်းစံမင်း၊ ရှမ်း(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးခင်မောင်လတ်၊ ရခိုင်(၆)၊ ကိုယ်ရေးကိုယ်တာ။ ဦးစတီဗင်သာဘိတ်၊ ချင်း(၄)၊ ကျန်းမာရေး။ ဒေါ်ခင်ဝိုင်းကြည်၊ ရန်ကုန်(၁)၊ အာဇာနည်နေ့ အခမ်းအနား တက်ရောက်ရန်။

ယခုတင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်းကြေညာ ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၂၀)ဦး၊ ယခင်က ခွင့်ပန်ကြားထားသဖြင့် ခွင့်ပြု ထားသူ(၃၄)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၄)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ(၄၈)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်း တွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ်ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။

## ဂန့်ဂေါ - ပုလဲကားလမ်း ကြောကျေးရွာအနီး မိုင်တိုင်(၇၃)၌ တည်ဆောက်လျက်ရှိသော မြေထိန်းနံရံကြီး တည်ဆောက်ခြင်းသည် မည်သည့် ရည်ရွယ်ချက်ဖြင့် တည်ဆောက်သည် ဘတ်ဂျက်ငွေ မည်မျှ သုံးစွဲ ထားသည်ကို သိရှိလိုခြင်း နှင့် စပ်လျဉ်းသည့် မေးခွန်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ ယခု မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးလှဆွေ က ဂန့်ဂေါ - ပုလဲကားလမ်း ကြောကျေးရွာအနီး မိုင်တိုင်(၇၃)၌ တည်ဆောက်လျက်ရှိသော မြေထိန်းနံရံကြီး တည်ဆောက်ခြင်းသည် မည်သည့်ရည်ရွယ်ချက်ဖြင့် တည်ဆောက်သည်၊ ဘတ်ဂျက်ငွေ မည်မျှသုံးစွဲ ထားသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၇။**

**ဦးလှဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကို တက်ရောက်လာသော ကိုယ်စားလှယ်တော်များ၊ ကျက်သရေ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံတော်မူကြ ပါစေလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဆွေ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ဟာ ဂန့်ဂေါနယ်မြေမှာ ၂၀၀၃ ခုနှစ် ကနေ ၂၀၁၃ အထိ (၁၀)နှစ်လောက် တာဝန်ရှိသူ တစ်ယောက်အနေနဲ့ နေခဲ့တဲ့အတွက်ကြောင့် ဘယ်နေရာမှာ လိုအပ်ချက်တွေရှိတယ်၊ ဘယ်နေရာမှာ လမ်းမကောင်းဘူး၊ လမ်းကောင်းတယ်၊ ဘယ်ရွာတွေမှာ ဘာတွေဖြစ်နေတယ် စသည်ဖြင့် တော်တော်များများထဲထဲဝင်ဝင် Inpicture ဖြစ်နေပြီလို့ ကိုယ့်ကိုကိုယ် ကျွန်တော် ပြောနိုင်ပါတယ်။ အဲဒီတော့ ဆောက်လုပ်ရေးဝန်ကြီးဌာနကို ကျွန်တော် အထူးကျေးဇူးတင်မိတာကတော့ အခု ဒီနှစ်ကစပြီးတော့ ကျွန်တော်တို့ လမ်းတွေ၊ တံတား တွေဟာ ဂန့်ဂေါခရိုင်အတွင်းမှာ လမ်းအားလုံး ကတ္တရာ၊ တံတားအားလုံး ကွန်ကရစ်အဖြစ် ဒါ ရည်မှန်းချက်ထားပြီး ဆောင်ရွက်နေတယ်ဆိုတာ အခုဆိုရင် ဟိုတလောက ဂန့်ဂေါပြန်တာကိုပဲ ဒါ နာရီ အနည်းငယ်အတွင်းမှာ အသွားအပြန် လုပ်နိုင်တဲ့အနေအထား၊ အရင်တုန်းကနဲ့ တစ်ခြားစီ အနေအထား ဖြစ်လာတယ်။ ဒီ့အပြင်ကိုပဲ ပြန်တည်ဆောက်ဖို့ အိပ်မက်ပင် မမက်နိုင်တဲ့ လောင်းရှည် တံတားကြီးကိုလည်း ဒါ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဘတ်ဂျက် အခုကျနေပြီ ဖြစ်တဲ့အတွက် ဒီ အခု ပြန်လည်အသစ်ထိုးတော့မှာ ဖြစ်တဲ့အတွက်ကြောင့် ဒါ အင်မတန် ကျေးဇူးတင် ဝမ်းမြောက်ပါကြောင်း ကျွန်တော် ဒေသခံတွေရဲ့ကိုယ်စား ဆောက်လုပ်ရေးဝန်ကြီးဌာနကို ဦးစွာပထမ ကျွန်တော် ကျေးဇူး တင်ကြောင်း တင်ပြလိုပါတယ်။

အခု ကျွန်တော် မေးတဲ့မေးခွန်းကတော့ ပုလဲ - ဂန့်ဂေါကားလမ်းမှာရှိတဲ့ ကြောကျေးရွာ နားမှာရှိတဲ့ Retaining Wall ကြီး တည်ဆောက်တဲ့နေရာမှာ ကျွန်တော်တို့ အဲဒီ နံရံကြီးတည်ဆောက် တာဟာ မလိုအပ်ဘူးလို့ ကျွန်တော့်အနေနဲ့ ယူဆလို့ ဒီမေးခွန်းကို မေးတာပါ။ အဲဒီ Retaining Wall က (၅)ပေလောက်ပဲ မြင့်ပါတယ်။ ကျွန်တော် Projector အနည်းငယ်တင်ပြရရင် ဒီ Retaining Wall ဟာ အရှည်ကြီး သူတို့ ထိုးထားတာ ဘေးနားမှာ ကျွန်တော်တို့ (၂)မိုင်လောက်ရှည်အောင်ကို လုပ်ထား တယ်။ အဲဒီတော့ Retaining Wall ရဲ့ ရည်ရွယ်ချက်ဟာ ကျွန်တော်တို့ တောင်ပြိုမကျအောင် လုပ်ရမယ်လို့ ကျွန်တော် ထင်ထားတယ်၊ ဒါပေမဲ့ ဒီမှာကျတော့ အပေါ်မှာတောင် (၁)ပေတောင် မရှိဘူး။ ဒါကို Retaining Wall တောက်လျှောက်ရွာထိအောင်၊ ရွာကနေ ရေပုတ်ဆိုတဲ့ရွာထိအောင် ကျွန်တော်တို့ လုပ်ထားတာဖြစ်ပါတယ်။

နောက် Projector လေးထိုးပါ။ ဒီပေါ်မှာဆိုရင်တော့ (၂)ပေ၊ (၃)ပေလောက် ဒီမှာ ရှိပါတယ်။ ဒါ ခုနကဟာနဲ့ တစ်ဆက်တစပ်တည်းပါပဲခင်ဗျ။ ဒါ တောက်လျှောက် ဒီမှာ ကြော ပါ၊ နောက်က ကြောရွာ တောက်လျှောက် အရှည်ကြီး ကျွန်တော်တို့ အင်မတန် ကုန်ကျ၊ ဒါ အခု အသစ် ထိုးတဲ့ Retaining Wall ဖြစ်ပါတယ်။ ဒါ အခု တည်ဆောက်ဆဲ ဖြစ်ပါတယ်။ အခု မပြီးသေးပါဘူး။ ဒါက ဒီမှာတော့ နည်းနည်းလေး မြင့်ပါတယ်။ ဒါကတော့ လမ်းလေးပါ။ ဒါက ကွေ့လမ်းမှာတော့

နည်းနည်း မြင့်ပါတယ်။ ဒီဟာ ပြိုကျပြီးတော့ လမ်းပေါ်မှာ အန္တရာယ်အယှက် ဖြစ်နိုင်တဲ့ အနေအထားကို ကျွန်တော့်အနေနဲ့ မတွေ့ပါဘူး။ ဒါကတော့ တကယ်ဆိုးတဲ့နေရာတွေ၊ အခု အဲဒီကနေ ဆက်သွားလိုက်ရင် တကယ်ဆိုးတဲ့နေရာ ကျစ်ပြိုကွေ့တို့ စသည်ဖြင့် (၈၄)မိုင်တိုင်တို့၊ (၆၇)မိုင်တိုင်တို့ ဒါတွေဟာ တကယ် လုပ်သင့်တဲ့နေရာတွေ ဖြစ်ပါတယ်။ ဒါ ကျွန်တော်တို့ အဲဒီရဲ့ ရေမျက်နီဘက်ကို သွားလိုက်ရင်၊ ကြောကနေ ရေမျက်နီဘက် သွားလိုက်ရင် တွေ့ရမယ့် အနေအထားတွေ ဖြစ်ပါတယ်။ ဒီမှာတွေဆိုရင် ပြိုကျနေတယ်။ ဒါ အမြင့်ကြီးတွေပါ။ ဒီလိုနေရာတွေဆိုရင် ဒီမှာ ပြိုကျလို့ လမ်းတွေက ဒီလို အနေအထား ဖြစ်ပါတယ်။ ဒီလိုနေရာတွေကို ကျွန်တော်တို့ Retaining Wall လုပ်သင့်တဲ့ နေရာတွေ ဖြစ်ပါတယ်။ ဒီမှာဆိုရင် ပြိုကျမယ့် အနေအထား ရှိပါတယ်။ ဒီဟာကို ကားတွေ ဖြတ်သွားတဲ့ အနေအထား ဖြစ်ပါတယ်။ ဒီလိုမျိုး မြင့်မားတဲ့ နေရာတွေမှာ ဒီဟာဆိုရင် ပြိုကျလို့ ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြင်ပေးနေတာ ဖြစ်ပါတယ်။ ဒါဆိုရင် ပိတ်နေတဲ့အတွက်ကြောင့်မို့လို့ ဒီ ကားကြီးတွေ ပိတ်နေလို့ ကျွန်တော်တို့က အဲဒီအနားမှာ၊ ပြိုကျတဲ့နေရာနားမှာ အခက်အခဲ ဖြစ်နေကြတာ ဖြစ်ပါတယ်။ ဒါတွေဟာ လမ်းဆိုးတဲ့နေရာတွေ၊ တကယ်လုပ်သင့်တဲ့ နေရာတွေ ကျွန်တော် တင်ပြခြင်း ဖြစ်ပါတယ်။ ဒီမှာဆိုရင် ကားက ကန့်လန့်ခံသွားတယ်၊ ဒီတောင် ပြိုကျတဲ့အတွက်ကြောင့် ဗွက်တွေ ဖြစ်ပြီးတော့ ဒီလိုနေရာတွေမှာ Retaining Wall လုပ်သင့်တယ်လို့ ကျွန်တော် ယူဆပါတယ်။ ဒါဆိုရင် အဲဒီမှာ လမ်းတွေ ဆိုးနေလို့၊ မသွားနိုင်လို့ အောက်က ကျောက်ခဲတွေ ခုပြီး သွားနေတာ ဖြစ်ပါတယ်။ ဒါ ဒီအပတ် ခု မိုးတွင်းမှာ ဖြစ်နေတာပါ။

အဲဒီတော့ ဆိုလိုတာကတော့ခင်ဗျား။ ကျွန်တော်တို့ ခုန လုပ်တဲ့နေရာကျတော့ မလုပ်သင့်ဘူးလို့ ကျွန်တော့်အနေနဲ့ ထင်ပါတယ်။ ဒီလိုနေရာတွေဟာ ဦးစားပေးလုပ်သင့်ပါတယ်။ တိုင်းပြည် ချမ်းသာရင်တော့ ဘယ်နေရာမှာပဲ လုပ်လုပ် အကြောင်းမဟုတ်ပါဘူး။ ခုချိန်မှာတော့ ကျွန်တော်တို့က ဘတ်ဂျက်ကို ချွေတာပြီး သုံးစွဲသင့်တယ်လို့ ကျွန်တော့်အနေနဲ့ ယူဆပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့က ဘတ်ဂျက်ကို ကျအောင် လွှတ်တော်ထဲမှာ ကျွန်တော်တို့ ကိုယ်စားလှယ်တွေက အမိအရ တောင်းဆိုကြပြီးတော့ ကိုယ့်ဒေသ ဖွံ့ဖြိုးရေးအတွက် တောင်းဆိုခဲ့ ကြပါတယ်။ ရရှိလာတဲ့ ဘတ်ဂျက်ကို ကျွန်တော့်အနေနဲ့ အကျိုးရှိရှိ တကယ်ဆိုးတဲ့နေရာတွေမှာပဲ သုံးစေချင်ပါတယ်။ ဒါကြောင့်မို့လို့ မြေထိန်းနံရံလုပ်နေတဲ့ JE လေးလား၊ Work Check လေးလား မသိဘူး၊ သူ့ကို ကျွန်တော်တွေ့တော့ မင်းတို့ ဘာလို့ ဒီနားမှာ လုပ်တာလဲကွာ၊ ဒီထက် ဆိုးတဲ့နေရာလေး လုပ်ရင် ကောင်းမယ်၊ ရွာလှသွားတာပေါ့ အဘရယ်လို့ ကျွန်တော့်ကို ပြောပါတယ်။ ဆိုတော့ ကျွန်တော်တို့က လှအောင် လုပ်မှာလား၊ တကယ့် ဒီလိုဆိုးတဲ့နေရာကို လုပ်သင့်သလားဆိုတာကို တကယ် တာဝန်ရှိတဲ့ အင်ဂျင်နီယာမှူး တွေက သေချာလေး ကြီးကြပ်ပြီးတော့ ဆောင်ရွက်သင့်တယ်လို့ ကျွန်တော့်အနေနဲ့ ယူဆတဲ့အတွက် ကြောင့် ဒီမေးခွန်းကို တင်ပြမေးမြန်းရခြင်း ဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၁၃။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ပတ်သက်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး က ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၀း၁၃။**

**ဦးစိုးတင့် (ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)။** ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြား ထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်း တောင်းရင်းနဲ့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးစိုးတင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မကွေးတိုင်းဒေသကြီး အမှတ်(၁၂)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး ဦးလှဆွေ မှ အမျိုးသားလွှတ်တော် အစည်းအဝေးသို့ မေးမြန်းထားတဲ့ ဂန့်ဂေါ - ပုလဲကားလမ်း ကြောကျေးရွာအနီး မိုင်တိုင်(၇၃)မှာ တည်ဆောက်လျက်ရှိတဲ့ မြေထိန်းနံရံကြီး တည်ဆောက်ခြင်းဟာ မည်သည့်ရည်ရွယ်ချက်ဖြင့် တည်ဆောက်သည်၊ ဘတ်ဂျက်ငွေ မည်မျှသုံးစွဲထားသည်ကို သိလိုခြင်းနှင့် စပ်လျဉ်းပြီးတော့ မေးခွန်းအား ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါ တယ် ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကြောကျေးရွာအနီးမှာ၊ မိုင်တိုင်(၇၃)မှာ ဘေးက ကျွန်တော်တို့ ကမ်းပါးရံ နိမ့်သော်လည်း မြေထိန်းနံရံကြီးကို လုပ်ထားတာ ကျွန်တော်တို့ ဒါ အခု သိရှိရပြီး ဖြစ်ပါတယ်။ ဒီဟာကို သိရှိတဲ့အချိန်မှာပဲ ကျွန်တော်တို့ ဝန်ကြီးဌာနကနေ တာဝန်ပေးထားတဲ့ ရုံးချုပ်မှာ ရှိတဲ့ အင်ဂျင်နီယာချုပ်တွေ၊ သက်ဆိုင်ရာ တိုင်းအင်ဂျင်နီယာတွေကိုလည်း ခေါ်ယူပြီးတော့ ဒီလိုနေရာကို လုပ်မယ့်အစား တခြားနေရာတွေကို ဦးစားပေး အရင်လုပ်နှင့်ပါ။ ဒါကတော့ အာရှ လမ်းမကြီးအမှတ်(၁) ဖြစ်ပေမယ့် ဒီထက်အရေးကြီးတဲ့အပိုင်းတွေကို ဦးစားပေးလုပ်ဖို့ သင့်ပါတယ် ဆိုပြီးတော့ ကျွန်တော်တို့လည်း ခေါ်ယူသတိပေး ပြောကြားပြီး ဖြစ်ပါတယ်။ ဒီ့အပြင် ကိုယ်စားလှယ် တော်ကြီး တင်ပြထားတဲ့ ဆိုးရွားနေတဲ့ ရေမျက်နီရွာနဲ့ ရေပုတ်ရွာကြားမှာရှိတဲ့ မိုင်တိုင်(၈၄) ကျစ်ပြိုကွေ့နဲ့၊ ပုံတောင်ပုံညာနဲ့ ရေပုတ်ရွာ အကြားမှာ မိုင်တိုင်(၆၇)နေရာဟာလည်းပဲ ခုန ကျွန်တော် Slide မှာ တင်ပြသွားတဲ့အတိုင်း မြင့်မားတဲ့နေရာ ဖြစ်ပြီးတော့ မြေသားလည်း အမြဲတမ်းအိကျနေတာ ဖြစ်တဲ့အတွက် ဒီနေရာကို ဦးစားပေး ဆောင်ရွက်သင့်တယ်ဆိုတာ ဒါ အမှန်အကန်ပဲ ဖြစ်ပါတယ်။ အခုတော့ မုံရွာ-ပုလဲ-ဂန့်ဂေါ-ကလေး ကားလမ်းနဲ့ ပတ်သက်ပြီးတော့ ကျွန်တော် ရှင်းလင်းတင်ပြရရင် ဒီလမ်းကြီးကို လွန်ခဲ့တဲ့(၂)နှစ်ခန့်က အလွန်ဆိုးရွားလျက်ရှိတဲ့ လမ်းအဖြစ် ကျော်ကြားပါတယ်။ မိုင်တိုင် အားဖြင့်လည်း (၂၁၁)မိုင်ရှိတဲ့ လမ်းဖြစ်ပါတယ်။ ယာဉ်ငယ်များသည်ပင်လျှင် (၁၅)နာရီခန့် သွားလာ မောင်းနှင်ရတဲ့ အတက်အဆင်း မတ်စောက်ပြီးတော့ ချိုင့်ခွက်တွေ ထူပြောသော အန္တရာယ်များတဲ့လမ်း ဖြစ်ပါတယ်ခင်ဗျား။

ဆောက်လုပ်ရေးဝန်ကြီးဌာန အနေနဲ့ကတော့ နိုင်ငံတော်ရန်ပုံငွေများကို တောင်းခံပြီး ဆောင်ရွက်တဲ့အခါမှာ တစ်လမ်းချင်းအလိုက်သတ်မှတ်ပြီး အဆင့်မြှင့်တင်သွားဖို့ လျာထားဆောင်ရွက် လျက်ရှိပါတယ်။ ကျွန်တော်တို့ ဆောက်လုပ်ရေးဝန်ကြီးဌာန တာဝန်ယူထားတဲ့ တစ်နိုင်ငံလုံးမှာရှိတဲ့ လမ်းမိုင်ပေါင်းဟာ (၂၄၈၀၀)ကျော်ဖြစ်တဲ့အတွက် တစ်နိုင်ငံလုံးကို ဖြန့်ကျက်ပြီးတော့ ဆောင်ရွက်ဖို့ ကျွန်တော်တို့မှာ တော်တော်လေး အခက်အခဲ ဖြစ်တဲ့အတွက် တစ်လမ်းချင်းအလိုက်ကို ကျွန်တော်တို့ ပြီးအောင် ဆောင်ရွက်မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဆောင်ရွက်နေတာ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ နှစ်များက

ဆိုရင် ရွှေဘို-အင်းတော်လမ်းအပိုင်း၊ ပုသိမ်-မုံရွာလမ်း အပိုင်း၊ မင်းဘူး-အမ်းလမ်းအပိုင်း၊ မော်လမြိုင်-ရေး-ထားဝယ်လမ်းအပိုင်း အစရှိသဖြင့် ဒီလမ်းအပိုင်းတွေကို တိုးတက်ကောင်းမွန်အောင် ကျွန်တော်တို့ အလေးထားပြီး စီမံဆောင်ရွက်ခဲ့သလိုပဲ မုံရွာ-ပုလဲ-ဂန့်ဂေါ-ကလေးလမ်းကိုလည်း ဖော်ပြပါ လမ်းများ ကဲ့သို့ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်ကစတင်ပြီးတော့ ဆောင်ရွက်ပေးခဲ့တာ ဖြစ်ပါတယ်။

ဒီမုံရွာ-ပုလဲ-ဂန့်ဂေါ-ကလေးလမ်းဟာ စုစုပေါင်း ကျွန်တော် တင်ပြခဲ့တဲ့အတိုင်း (၂၁၁)မိုင် ရှိပြီးတော့ ယခင်က(၁၅)နာရီကြာ မောင်းခဲ့ရပေမယ့် ယခုတော့ မောင်းချိန်ဟာ(၉)နာရီလောက်ပဲ ရှိတယ်ဆိုတာကို ကိုယ်စားလှယ်တော်ကြီးလည်း တင်ပြသွားတာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ အနေနဲ့ကတော့ ဒီ မုံရွာ-ပုလဲ-ဂန့်ဂေါ-ကလေးလမ်းဟာ ကျွန်တော်တို့ နိုင်ငံအတွင်းကို နိုင်ငံတကာက ဆက်သွယ်ဖြတ်သန်းသွားတဲ့ အာရှလမ်း၊ ASEAN လမ်း၊ DMS လမ်း၊ Tripartite လမ်းစတဲ့ လမ်းကြီး(၁၅)လမ်းအနက်က ဒီဟာက အာရှလမ်း အမှတ်(၁) ဆိုတဲ့ လမ်းအဖြစ် ပါဝင်တာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ASEAN Highway အမှတ်(၁)လမ်းကို ဒါ အင်မတန် အရေးကြီးတဲ့ လမ်းဖြစ်တဲ့အတွက် ကျွန်တော်တို့က ဂျပန်နိုင်ငံက အကူအညီပေးတဲ့ အေဂျင်စီ JICA ပေါ့လေ၊ JICA က ကျွမ်းကျင်သူများ၊ Korea Expressway ဆိုပြီးတော့ ကိုးရီးယားက လမ်းကျွမ်းကျင်သူများကို ခေါ်ယူပြီးတော့၊ စစ်ဆေးပြီးတော့ Feasiblity Study များ ကျွန်တော်တို့ လုပ်ကိုင်စေတဲ့အခါမှာ သူတို့က အကြံပြုသွားတာကတော့ ဒီအပိုင်းတွေဟာ ဖြစ်နိုင်ရင် ဥမင်လိုဏ်ခေါင်း ဖောက်ပေးပါ သို့မဟုတ်ရင်လည်း လမ်းကြောင်းအသစ်ရှာဖွေပြီးတော့ ဆောင်ရွက်ပါဆိုပြီးတော့ ကျွန်တော်တို့ကို အကြံပြုသွားတာများ ရှိပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့အနေနဲ့လည်းပဲ ဒီနေရာတွေကို ကျောက်စီနံရံ မလုပ်သေးဘဲနဲ့ ပထမအဆင့်မှာ လမ်းကို ချောချောမွေ့မွေ့ မောင်းနိုင်အောင်၊ ယာဉ်မောင်းချိန် လျော့သွားအောင် Smooth Driving ချောချောမွေ့မွေ့ ဖြစ်အောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ကျွန်တော်တို့က ဒီလမ်းပိုင်းတွေကိုတော့ ကတ္တရာမခင်းသေးဘဲနဲ့ ကျောက်ခင်း ပြီးတော့ ယာဉ်မောင်းချိန် သက်သာအောင်ပဲ ဆောင်ရွက်ထားတာ ဖြစ်ပါတယ်။

ဒီ မိုင်တိုင်(၇၃) နေရာကတော့ ကြောရွာအထွက်နေရာ ဖြစ်ပြီးတော့ ရွာသူ/ရွာသားတွေ နေ့စဉ်မပြတ် အသုံးပြုနေတဲ့ လူသွား/လူလာများတဲ့ လမ်းအပိုင်းလည်း ဖြစ်ပါတယ်။ ဒီအပိုင်းနဲ့ ပတ်သက်လို့လည်း နောင်မှာတော့ ဆောင်ရွက်ရမှာ ဖြစ်ပေမယ့် လောလောဆယ်တော့ ဆန္ဒစောပြီး ဆောင်ရွက်သွားတာ ဖြစ်တဲ့အတွက် ကျွန်တော်တို့ဘက်ကလည်း ပြုပြင်စရာရှိတာများ ပြုပြင်သွားဖို့ လိုပါတယ်။ ဒီ့အပြင် ကျွန်တော်တို့ ကြောကျေးရွာအနီး မိုင်တိုင်(၇၀/၅)နဲ့ (၇၃/၂)အတွင်းမှာ ကျောက်စီနံရံ(၃၂၀၀)ပေနဲ့ ကျောက်စီရေမြောင်း(၄၄၀)ပေ တို့ကိုလည်းပဲ ရန်ပုံငွေကျပ်(၂၅၇.၁၇) သန်းနှင့် ဆောင်ရွက်ခဲ့တဲ့အခါမှာ မိုင်တိုင်(၇၀/၅)နဲ့ (၇၀/၇)အတွင်း ညာဘက်အခြမ်းမှာ ကျောက်စီ ရေမြောင်း ပေ(၈၁၀) ဆောင်ရွက်ထားပါတယ်။ ပြီးရင် ကျွန်တော်တို့ မိုင်တိုင်(၇၂/၆)နဲ့ (၇၃/၁) ညာဘက်ခြမ်းမှာပဲ ကျွန်တော်တို့ ကျောက်စီရေမြောင်း ပေ (၁၅၄၀) ဆောင်ရွက်ထားပါတယ်။ ပြီးရင် ကျွန်တော်တို့ မိုင်(၇၃/၁)နဲ့ (၇၃/၂)အတွင်း ညာဘက်ခြမ်းမှာ ကျွန်တော်တို့ ဒါ (၅၅၀)ပေ ကျောက်စီ ရေမြောင်း ဆောင်ရွက်ပါတယ်။ (၇၃/၁)နဲ့(၇၃/၂)အတွင်း ဘယ်ဘက်အခြမ်းမှာလည်း ပေ(၃၀၀) စသည်ဖြင့် ကျွန်တော်တို့ ကျောက်စီရေမြောင်း ပေရှည်(၃၂၀၀) ဆောင်ရွက်ခဲ့ပါတယ်။ ထိုနည်းတူစွာပဲ ကျောက်စီရေမြောင်းကိုလည်းပဲ ကျွန်တော်တို့ မိုင်(၇၀/၄)နဲ့ (၇၀/၅)အတွင်းမှာ (၈၈)ပေ၊ (၇၀/၆)နဲ့

(၇၀/၇)အတွင်းမှာ (၈၈)ပေနဲ့ (၇၃/၁)နဲ့ (၇၃/၂)ကြားမှာ (၂၆၄)ပေ စုစုပေါင်း (၄၄၀)ပေအရှည်တို့ကို ကျွန်တော်တို့ ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုကဲ့သို့ ကျွန်တော်တို့ကို ကိုယ်စားလှယ်တော်ကြီးက အမှန်တကယ်လိုအပ်တဲ့ နေရာများမှာ မြေထိန်းနံရံများ ဆောင်ရွက်ရန် အကြံပြုဆွေးနွေးပေးတဲ့အတွက် အထူးကျေးဇူးတင်ရှိပါတယ်။ ကျွန်တော်တို့အနေနဲ့ နိုင်ငံတော်က ခွဲဝေပေးတဲ့ ရန်ပုံငွေများနဲ့ လုပ်ငန်းများ ဆောင်ရွက်ရာမှာ မုံရွာ-ပုလဲ-ဂန့်ဂေါ-ကလေးကားလမ်း ဟာလည်း အာဆီယံလမ်းမကြီး ဖြစ်တဲ့အတွက် လမ်းအင်္ဂါရပ်နှင့် ညီညွတ်စေရန် သပ်ရပ်ကောင်းမွန်စေရန် အတွက် ခွင့်ပြုပေးထားတဲ့ နိုင်ငံတော်ဘဏ္ဍာငွေများကို ကုန်အောင်သုံးစွဲ နေခြင်းတော့ မဟုတ်ပါဘူး။ ရန်ပုံငွေကို မမှန်မကန် သုံးစွဲတာတွေ တွေ့ရှိလို့ရှိရင်လည်း ကျွန်တော်တို့ ထိရောက်စွာ အရေးယူ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီးတော့ နောင်လည်းပဲ ကိုယ်စားလှယ်တော်ကြီး အကြံပြုတဲ့အတိုင်း ကျွန်တော်တို့အနေနဲ့ ဒါ အထူးကြပ်မတ် စိစစ်သွားမှာ ဖြစ်ပါကြောင်းလည်း တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေနဲ့ တင်ပြလိုတာကတော့ ကျွန်တော်တို့ ကိုယ်စားလှယ်ကြီး အကြံပြုထားတဲ့ နေရာတွေဟာ တောင်စောင်းမတ်စောက်တဲ့ နေရာတွေ မိုင်(၆၇/၀)နှင့်မိုင်(၈၄/၀)နေရာများမှာ ဆောင်ရွက်ရန်လိုအပ်တယ်ဆိုတာ အမှန်အကန်ပဲ ဖြစ်ပါတယ်။ ဒီနေရာတွေမှာတော့ ကျွန်တော်တို့က လမ်းချဲ့ပြီးတော့ ကျန်ရှိသေးတဲ့ အပိုင်းများကို Gradient နိမ့်ချဖို့ လိုအပ်ပါတယ်။ ပုံတောင်/ပုံညာ လမ်းအပိုင်းမှာ အတက်အဆင်းများတဲ့ နေရာတွေ ဖြစ်တာကြောင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ ခွဲဝေရရှိတဲ့ ရန်ပုံငွေများနဲ့ ကျွန်တော်တို့ (၃၄)ပေ အကျယ် လမ်းချဲ့ခြင်း၊ (၁၈)ပေအကျယ် ကတ္တရာလမ်းအဆင့် မြှင့်တင်ခြင်း၊ ကျောက်စီ မြေထိန်းနံရံနှင့် ကျောက်စီရေမြောင်း နေရာများကို သင့်တော်တဲ့နေရာများမှာ သေချာစွာ တွက်ချက်စိစစ်ပြီးတော့ ဆောင်ရွက်သွားမှာ ဖြစ်ပါကြောင်း လေးစားစွာ ရှင်းလင်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၂၂။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်သုံးဦးက မေးမြန်းတဲ့မေးခွန်းတွေဟာ ကျန်းမာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်း က ဖြေကြားရမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော် ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီး က တစ်ခုချင်း ဖြေကြားဖို့ ဖြစ်ပါတယ်။

**ချင်းပြည်နယ်၊ တီးတိန်မြို့နယ်၊ ဟေလေးကျေးလက်ကျန်းမာရေးဌာနခွဲအား ကျေးလက်ကျန်းမာရေး ဌာနသို့ တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၂။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဆွန်ဒုတ်ကျင့် က ချင်းပြည်နယ်၊ တီးတိန်မြို့နယ်၊ ဟေလေးကျေးလက် ကျန်းမာရေးဌာနခွဲအား ကျေးလက်ကျန်းမာရေး ဌာနသို့ တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၂။**

**ဦးဆွန်ဒုတ်ကျင့်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ ဒုတိယဝန်ကြီးများ၊ ဧည့်သည်တော်များခင်ဗျား။ အားလုံးမင်္ဂလာပါလို့ ကျွန်တော်ရှေးဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဆွန်ဒုတ်ကျင့် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် မေးမြန်းလိုတဲ့ မေးခွန်းကတော့ ချင်းပြည်နယ်၊ တီးတိန်မြို့နယ်၊ ဟေလေးကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲအား ကျေးလက်ကျန်းမာရေးဌာနအဖြစ် အဆင့်တိုးမြှင့် ဖွင့်လှစ်ပေးပါရန် အစီအစဉ် ရှိ/မရှိ ဆိုတဲ့ မေးခွန်းပဲ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဟေလေးကျေးရွာဟာ ချင်းပြည်နယ်မြောက်ပိုင်း၊ တီးတိန်မြို့နယ်၊ ဟေလေးကျေးရွာအုပ်စုတွင် တည်ရှိပြီးတော့မှ အိမ်ခြေ(၂၄၈)အိမ်၊ လူဦးရေအားဖြင့် (၁၆၄၆)၊ ဧရိယာအကျယ်အဝန်း စတုရန်းမိုင်(၁၉.၀၉)ရှိပြီးတော့ ကျေးရွာအုပ်စု(၁)ခုအဖြစ် ဖွဲ့စည်းထားပါတယ်။ လူဦးရေသိပ်သည်းမှုမှာ စတုရန်းတစ်မိုင်လျှင်(၈၆.၂၂) ဖြစ်ပါတယ်။ ချင်းပြည်နယ်ရှိ ကျေးရွာများအနက် လူနေအိမ်ခြေ အများဆုံးကျေးရွာတစ်ရွာတွင် ပါရှိပြီးတော့မှ နောင်အနာဂတ်ကာလမှာ ဖွံ့ဖြိုးတိုးတက်မှု အလားအလာများစွာရှိတဲ့ ကျေးရွာတစ်ရွာလည်း ဖြစ်ပါတယ်။ ဟေလေးကျေးရွာ ကျေးလက်ကျန်းမာရေးဌာနကို ၁၉၈၁ ခုနှစ်မှာ ဖွင့်လှစ်ခွင့် ရရှိပြီးတော့မှ လက်ရှိမှာ သွပ်မိုးပျဉ်ကာ ပေ(၅၀)၊ ပေ(၂၀) အဆောက်အအုံတစ်ခု တည်ရှိပြီးဖြစ်ပါတယ်။ ကျေးလက်ကျန်းမာရေးဌာန ဖွင့်လှစ်ခွင့်ရရှိပါက ဌာနပိုင်အဆောက်အအုံများ ဆောက်လုပ်ရန်အတွက် မြေနေရာ အလုံအလောက်လည်း ရရှိခဲ့ပြီး ဖြစ်ပါတယ်။ ကျေးလက်ကျန်းမာရေးဌာန ဖွင့်လှစ်ခွင့် ရရှိမယ်ဆိုပါက အနီးပတ်ဝန်းကျင်ရှိ သွယ်သွီး၊ ဆွမ်းဖေ၊ ဆမ်သွီး၊ ဆွမ်ဇော် အစရှိတဲ့ ကျေးရွာပေါင်း(၄)ရွာ၊ လူဦးရေ(၅၀၀၀)ခန့်နှင့် အနီးပတ်ဝန်းကျင်အကျယ်အဝန်း (၃၂.၁၈) စတုရန်းမိုင်ကို ကျန်းမာရေးစောင့်ရှောက်မှု အပြည့်အဝ ပေးနိုင်မှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လူမှုစီးပွားရေးဘဝ တိုးတက်လာတာနဲ့အမျှ ကျေးလက်ဒေသများမှာလည်း ရောဂါမျိုးစုံ တိုးတက်ဖြစ်ပွားလာပါတယ်။ ဒါကြောင့်မို့ ဒီရောဂါများကို ကာကွယ်ကုသနိုင်ဖို့ဆိုလို့ရှိရင် ကျေးလက်ကျန်းမာရေးဌာနခွဲ အနေနဲ့သော်လည်းကောင်း၊ ကျန်းမာရေး သားဖွားဆရာမ တစ်ဦးတည်းအနေနဲ့သော်လည်းကောင်း၊ အပြည့်အဝကျန်းမာရေး စောင့်ရှောက်မှုပေးရန်များစွာ အခက်အခဲ ကြုံတွေ့ရပါတယ်။ ဒါကြောင့်မို့ ကျေးလက်ကျန်းမာရေး ဌာနခွဲက နေပြီးတော့မှ ကျေးလက်ကျန်းမာရေးဌာန အဖြစ် မဖြစ်မနေ တိုးမြှင့်ဖွင့်လှစ်ပေးရန် လိုအပ်နေပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျေးလက်ကျန်းမာရေးဌာန ဖွင့်လှစ်ပေးနိုင်ပါက ကျေးလက်နေပြည်သူများရဲ့ ကျန်းမာရေးကို အဓိက စောင့်ရှောက်နိုင်မှာ ဖြစ်ပြီး၊ ကျန်းမာလာပါက အလုပ်လုပ်နိုင်မှာ ဖြစ်ပါတယ်။ အလုပ်လုပ်နိုင်ပါမှ ဒေသခံပြည်သူများအနေနဲ့ ဝင်ငွေတိုးပွားလာပြီး ဆင်းရဲမွဲတေမှုကိုလည်းပဲ လျှော့ချနိုင်မှာ ဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၂(ဂ) မှာလည်းပဲ နိုင်ငံတော်သည် တိုးတက်ဖွံ့ဖြိုးမှု နည်းပါးနေတဲ့ တိုင်းရင်းသားများရဲ့ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး အစရှိသည့် လူမှုစီးပွားရေး တိုးတက်ဖွံ့ဖြိုးအောင် ဆောင်ရွက်ပေးရမယ် ဆိုပြီးတော့ အတိအလင်း ပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီ ဖွံ့ဖြိုးမှုနည်းပါး

နေတဲ့ ချင်းပြည်နယ်အတွင်း ဟောလေးကျေးရွာဟာ တိုးတက်ဖွံ့ဖြိုးလာနိုင်ဖို့အတွက် ဆိုလို့ရှိရင် ကျွန်တော်တို့ ကျန်းမာရေးစောင့်ရှောက်မှု လိုအပ်ပါတယ်။

ဒါကြောင့်မို့လို့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဟောလေးကျေးရွာအုပ်စုရှိ မိဘပြည်သူများကိုယ်စား အောက်ပါမေးခွန်းကို မေးမြန်းလိုပါတယ်။ (က)ဟောလေးကျေးလက် ကျန်းမာရေးဌာနခွဲအား ကျေးလက်ကျန်းမာရေးဌာနသို့ တိုးမြှင့်ဖွင့်လှစ်ပေးပါရန် အစီအစဉ် ရှိ/မရှိ။ (ခ) အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် ဖွင့်လှစ်ပေးမည်ကို သိရှိလိုပါကြောင်း မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ကျောက်ကပ်အစားထိုးခြင်းဆိုင်ရာ ဥပဒေကို ရေးဆွဲနေမှု အခြေအနေ၊ မည်သည့်ကာလတွင် အစောဆုံး ဆောင်ရွက်နိုင်မည့် အခြေအနေနှင့် ဥပဒေရေးဆွဲနေစဉ်ကာလအတွင်း ကျောက်ကပ်ဝေဒနာရှင်များအတွက် မည်သို့ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၂၇။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉) ဦးမှတ်ကြီး က ကျောက်ကပ်အစားထိုးခြင်းဆိုင်ရာ ဥပဒေကို ရေးဆွဲနေမှု အခြေအနေ၊ မည်သည့်ကာလတွင် အစောဆုံး ဆောင်ရွက်နိုင်မည့် အခြေအနေနှင့် ဥပဒေရေးဆွဲနေစဉ် ကာလအတွင်း ကျောက်ကပ်ဝေဒနာရှင်များအတွက် မည်သို့ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၇။**

**ဦးမှတ်ကြီး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ၊ ပြည်ထောင်စုဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမှတ်ကြီး ဖြစ်ပါတယ်။ ကျွန်တော်ဟာ အမျိုးသားလွှတ်တော်၊ ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့ ၂၂-၂-၂၀၁၃ ရက်နေ့မှာ ကျန်းမာရေးဝန်ကြီးဌာနက ပြဋ္ဌာန်းထားတဲ့ ဥပဒေများမှာ သက်ရှိကျောက်ကပ်အစားထိုးခြင်းကို ညီအစ်ကိုမောင်နှမ အချင်းချင်း၊ သားသမီးအရင်းမှ မိဘအရင်း၊ မိဘအရင်းမှ သားသမီးအရင်းသို့ ကျောက်ကပ်ကို အစားထိုး ခွဲစိတ်ကုသခွင့်အပြင်ကို တစ်ဝမ်းကွဲကျောက်ကပ်လှူခြင်းအား ခွင့်ပြုသည့် ဥပဒေကို ပြဋ္ဌာန်းနိုင်ရေးကို စီမံဆောင်ရွက်ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအဖွဲ့အား တိုက်တွန်းကြောင်းအဆိုကို တင်သွင်းခဲ့ပါတယ်။

ယင်းအဆိုကို ၁၃-၃-၂၀၁၃ ရက်နေ့မှာ ကျင်းပတဲ့ (၂၆)ရက်မြောက်နေ့ အမျိုးသားလွှတ်တော်မှာ ကိုယ်စားလှယ်(၃)ဦးက ထောက်ခံဆွေးနွေးပြီးတော့ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက သဘောတူခဲ့ပြီး အဆိုကို ထောက်ခံမဲ(၁၇၃)မဲ၊ ကန့်ကွက်မဲ(၁)မဲနဲ့ အတည်ပြုနိုင်ခဲ့ပါတယ်။ ကျောက်ကပ်အစားထိုးခြင်းအတွက် အဆိုတင်သွင်းခြင်း၊ အဆိုကို အတည်ပြုနိုင်ခြင်းများကြောင့် တစ်ပြည်လုံးမှာရှိတဲ့ ကျောက်ကပ်ဝေဒနာရှင်များက ဝမ်းသာအားရရှိခဲ့ကြပါတယ်။ ပြည်တွင်းမှာပဲ ကုန်ကျစရိတ်သက်သာစွာဖြင့် ဆောင်ရွက်နိုင်မယ့် အခြေအနေဖြစ်တဲ့ အတွက်ကြောင့်မို့လို့ အတိုင်းမသိ ဝမ်းသာနေကြကြောင်းကို သတင်းစကားများ ကြားသိရပါတယ်။ ကျောက်ကပ်အစားထိုး ကုသခွင့်ကို၊

အခွင့်အရေးကို ဘယ်တော့ရကြမှာလဲ ဆိုတာကိုလည်း စောင့်မျှော်နေကြပါတယ်။ အချို့ အချို့ သော ပုဂ္ဂိုလ်များအနေနဲ့ ဒီကုသခွင့်မရတဲ့အတွက် အိန္ဒိယနိုင်ငံကို မရှိ/ရှိတဲ့ကြားကနေပြီးတော့ သွားပြီးတော့ ဆေးကုသနေရတဲ့ အခြေအနေမျိုးကိုလည်း ကျွန်တော်တို့ ပျဉ်းမနားမှာလည်း ကျွန်တော်တို့ တွေ့နေကြရပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော်တို့ကျောက်ကပ်ဝေဒနာရှင်များအတွက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျန်းမာရေးဝန်ကြီးဌာနသို့ အောက်ဖော်ပြပါ မေးခွန်းများကိုမေးမြန်းလိုပါတယ်။ ဒီကျန်းမာရေးဝန်ကြီးဌာနက နေပြီးတော့ ကျွန်တော်တို့ ကျောက်ကပ်တင်မဟုတ်ပါဘူး။ တခြားသော အစိတ်အပိုင်းများကိုလည်း ကျွန်တော်တို့က ဒီ ကုသနိုင်မယ့် ဥပဒေများကို ရေးဆွဲနေတယ် ဆိုတာကိုတော့ သိရှိပါတယ်။ သို့သော်လည်းပဲ ကျွန်တော်တို့ မေးချင်တာက ဘာလဲဆိုရင် ကျောက်ကပ်အစားထိုးခြင်း ဆိုင်ရာ ဥပဒေရေးဆွဲနေမှု အခြေအနေနှင့် မည်သည့်ကာလမှာ အစောဆုံး ဆောင်ရွက်နိုင်မယ့် အခြေအနေ၊ ဒီဥပဒေ ရေးဆွဲနေစဉ်အတွင်းမှာပဲ ကျောက်ကပ်ဝေဒနာရှင်များအတွက် စီစဉ်ဆောင်ရွက်ပေးနိုင်မယ့် အစီအစဉ် ရှိ/မရှိကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော်မေးခွန်းကို မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ထန်တလန် ပြည်သူ့ဆေးရုံတွင် သွားဘက်ဆိုင်ရာ ဆရာဝန် ခန့်ထားပေးရန်နှင့်လူနာသီးသန့်ဆောင် ဆောက်လုပ်ပေးပါရန်၊ ထန်တလန်ပြည်သူ့ဆေးရုံ၊ မှောင်တလန် တိုက်နယ်ဆေးရုံနှင့် လုံလဲ(ရ်) တိုက်နယ်ဆေးရုံများတွင် ဆေးပဒေသာပင် ဆက်လက်စိုက်ပေးရန်နှင့် လိုအပ်သော ခွဲစိတ်ကိရိယာများ ထုတ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၀။**

**ဥက္ကဋ္ဌ။** ။ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးပေါလ်ထန်ထိုင်း က ထန်တလန်ပြည်သူ့ဆေးရုံတွင် သွားဘက်ဆိုင်ရာ ဆရာဝန်ခန့်ထားပေးရန်နှင့် လူနာသီးသန့်ဆောင် ဆောက်လုပ်ပေးပါရန်၊ ထန်တလန်ပြည်သူ့ဆေးရုံ၊ မှောင်တလန် တိုက်နယ်ဆေးရုံနှင့် လုံလဲ(ရ်) တိုက်နယ်ဆေးရုံများတွင် ဆေးပဒေသာပင် ဆက်လက်စိုက်ပေးရန်နှင့် လိုအပ်သော ခွဲစိတ်ကိရိယာများ ထုတ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၀။**

**ဦးပေါလ်ထန်ထိုင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားတဲ့ လွှတ်တော်ဥက္ကဋ္ဌကြီး၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများနဲ့ ဝန်ကြီးအားလုံးကို ပထမဦးစွာ မင်္ဂလာပါလို့ ရိုသေလေးစားစွာဖြင့် နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၃) ထန်တလန်မြို့နယ်မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဖြစ်ပါတယ်။ ကျွန်တော် ထန်တလန်ပြည်သူ့ဆေးရုံ၊ မှောင်တလန်တိုက်နယ်ဆေးရုံနဲ့ လုံလဲ(ရ်)တိုက်နယ်ဆေးရုံတို့နဲ့ စပ်လျဉ်းပြီးတော့ တင်ပြမေးမြန်းသွားမှာ ဖြစ်ပါတယ်။ ထန်တလန်မြို့နယ်မှာ ကျေးရွာပေါင်း(၈၆)ရွာနဲ့ လူဦးရေငါးသောင်းခွဲ ရှိပါတယ်။ ဒါ ချင်းပြည်နယ်မှာ စတုတ္ထ လူဦးရေအများဆုံး မြို့နယ်ဖြစ်ပါတယ်။ မြို့နယ်အတွင်း လူနာများက မှောင်တလန်နဲ့ လုံလဲ(ရ်)တိုက်နယ်ဆေးရုံများမှာ ဆရာဝန်များ အချိန်ပြည့်မရှိခြင်း၊ ဆေးဝါးပစ္စည်းကိရိယာများလည်း မစုံမလင်ခြင်းတို့ကြောင့် ထန်တလန်မြို့ (၂၅)ခုတင်ဆံ့ပြည်သူ့ဆေးရုံမှာပဲ လာရောက်ကုသကြပါတယ်။ ထို့ကြောင့် လုံလဲ(ရ်)နဲ့ မှောင်တလန် တိုက်နယ်

ဆေးရုံများမှာလည်း ဆရာဝန်များနဲ့ သူနာပြုဆရာမများ ခန့်ထားပေးရန် လိုအပ်ပါတယ် ဆိုတာကို ကျွန်တော်ပြောချင်တယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ထန်တလန်မြို့နယ်က ငှက်ဖျားရောဂါများသော ဒေသဖြစ်တယ်ဆိုတာ ဆရာဝန်များထံမှ သိရှိပါတယ်။ ယခုအခါ ငှက်ဖျားရောဂါအပြင် လူကြီး၊ လူငယ် သွားကိုက်/သွားနာ သွားပိုးစားသူများ တဖြည်းဖြည်းများလာတဲ့အခါ ထန်တလန်ပြည်သူ့ဆေးရုံမှာလည်း သွားဘက်ဆိုင်ရာ ဆရာဝန် ခန့်ထားပေးခြင်း မရှိသေးပါသဖြင့် အဲဒီလူနာများအတွက် သွားဘက်ဆိုင်ရာ ဆရာဝန်လည်း လိုအပ်ပါတယ်။ ဆက်လက်ပြီးတော့ တင်ပြချင်တာကတော့ လူနာဆိုတာ ယောကျ်ား၊ မိန်းမ၊ လူကြီး၊ လူငယ်မရွေး ရောဂါဝေဒနာ အမျိုးမျိုးခံစားနေသူများ ဖြစ်တဲ့အတွက် ဆေးရုံကို ရောက်လာတဲ့အခါ အချို့လူနာများဟာ သီးသန့်အခန်းမှာ ထားနိုင်ရန် သီးသန့်အဆောင်လည်း လိုပါတယ်။ နောက်ပြီးတော့ ကျွန်တော်ပြောချင်တာကတော့ နိုင်ငံတော်အစိုးရက လူနာများ၊ အထူးသဖြင့် ဆင်းရဲသား တောင်သူလယ်သမားများက စျေးနှုန်းချိုသာစွာ ဆေးဝါးပစ္စည်းများ ဝယ်ယူသုံးစွဲနိုင်ရန် ဆေးရုံများတွင် ဆေးပဒေသာပင်၊ ငွေလုံးငွေရင်း ထောက်ပံ့ပေးပါတယ်။ စေတနာကောင်းသော ဆရာဝန်များ လက်ထက်တွင် ငွေအရင်း မပျောက်တဲ့အပြင် လူနာများနှင့် ပြည်သူများအတွက် အကျိုးသက်ရောက်မှု အများကြီးရှိပါတယ်။ အဲဒါကြောင့် ထန်တလန်မြို့နယ်မှာရှိတဲ့ ဆေးရုံများမှာ ဆေးပဒေသာပင်များ ဆက်လက်ထားပေးရန်၊ ပံ့ပိုးရန်လည်း လိုတယ်ဆိုတာကို ကျွန်တော် ပြောချင်ပါတယ်။

နောက်တစ်ခု ကျွန်တော်ပြောချင်တာကတော့ ဒီ ကျွန်တော်တို့ ထန်တလန်ပြည်သူ့ဆေးရုံမှာပဲဖြစ်ဖြစ်၊ တိုက်နယ်ဆေးရုံမှာပဲ ဖြစ်ဖြစ် ခွဲစိတ်ကိရိယာကလည်း လိုအပ်ပါတယ်။ ကျွန်တော်သိသလောက်ဆိုရင် ပါမောက္ခ ဒေါက်တာမြဦး ဒုတိယဝန်ကြီး ဖြစ်တုန်းက ထန်တလန်ကိုလာပြီးတော့ ဒီခွဲစိတ်ကိရိယာများကို လာထုတ်ပေးခဲ့ဖူးပါတယ်။ ဒါတော့ ကျွန်တော်သိတယ်။ အခုလည်းပဲ ဒီ ခွဲစိတ်ကိရိယာများ ကျွန်တော်တို့ မြို့နယ်ဆေးရုံများမှာ လိုအပ်ပါတယ်ဆိုတာကို ကျွန်တော်ပြောချင်ပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ မေးချင်တဲ့ မေးခွန်းကတော့ ထန်တလန်ပြည်သူ့ဆေးရုံမှာ သွားဘက်ဆိုင်ရာ ဆရာဝန်ခန့်ထားပေးရန်နှင့် လူနာသီးသန့်ဆောင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ။ နောက် နံပါတ်(၂)ကတော့ ထန်တလန်ပြည်သူ့ဆေးရုံ၊ မှောင်တလန်တိုက်နယ်ဆေးရုံနဲ့ လုံ့လဲ(ရ်)တိုက်နယ်ဆေးရုံများမှာ ဆေးပဒေသာပင် ဆက်လက်စိုက်ပေးရန်နှင့် လိုအပ်သော ခွဲစိတ်ကိရိယာများထုတ်ပေးရန် အစီအစဉ် ရှိ/မရှိ သိလိုကြောင်း ကျွန်တော်တင်ပြအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၃၅။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ကျန်းမာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၀း၃၅။**

**ဒေါက်တာဝင်းမြင့်(ဒုတိယဝန်ကြီး၊ကျန်းမာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ မင်္ဂလာ

ပါလို့ နှုတ်ခွန်းဆက်ဂါရဝပြုအပ်ပါတယ်။ ပထမဦးစွာ ချင်းပြည်နယ် အမှတ်(၆)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဆွန်ဒုတ်ကျင့် ရဲ့ ကြယ်ပွင့်ပြမေးခွန်းအား ပြန်လည်ဖြေကြားခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ချင်းပြည်နယ်၊ တီးတိန်မြို့နယ်၊ ဟေလေးကျေးရွာမှာ ကျေးလက် ကျန်းမာရေးဌာနခွဲ ကနေပြီးတော့ ကျေးလက်ကျန်းမာရေးဌာနအဆင့်သို့ ဖွင့်လှစ်ပေးနိုင်ရေးအတွက် ယခုနှစ် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်းမှာ စီစဉ်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြား တင်ပြအပ်ပါတယ်။

ဒုတိယမေးခွန်းအနေနဲ့ မန္တလေးတိုင်းဒေသကြီး အမှတ်(၉)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမှတ်ကြီး ရဲ့ ကြယ်ပွင့်ပြမေးခွန်းအား ပြန်လည်းဖြေကြားခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ကျောက်ကပ်အစားထိုးခြင်းကုသခြင်း သာမက ကိုယ်အင်္ဂါအစိတ်အပိုင်းများ အစားထိုးခြင်းကုသဖြင်း (Organ Transplant) နဲ့ ပတ်သက်တဲ့ တည်ဆဲကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းခြင်းဆိုင်ရာ ဥပဒေတစ်ခုလုံးကို အသစ်ပြန်လည်ရေးဆွဲလျက်ရှိရာမှာ ကျောက်ကပ်အစားထိုးခြင်းကို ကိုယ်အင်္ဂါ အစိတ်အပိုင်း လှူဒါန်းခြင်းဆိုင်ရာ ဥပဒေမှာ ထည့်သွင်းပြီးတော့ ဥပဒေမူကြမ်းအသစ် ပြန်လည် ရေးဆွဲပြီး ဖြစ်ပါတယ်။ ရေးဆွဲပြီးတဲ့ ဥပဒေမူကြမ်းကို ကျွမ်းကျင်ဥပဒေပညာရှင်များရဲ့ သဘောထား မှတ်ချက်များ တောင်းခံရန် ဆောင်ရွက်လျက်ရှိပြီးတော့ အမြန်ဆုံးတင်ပြ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းအရ အသစ်ပြန်လည်ရေးဆွဲသည့် ဥပဒေကို ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းခြင်း မပြုရသေးတဲ့ အချိန်ကာလအတွင်းမှာတော့ တည်ဆဲဥပဒေပါအတိုင်း လိုက်နာကျင့်သုံးပြီးတော့ ကျောက်ကပ် ဝေဒနာရှင်များအတွက် အဆင်ပြေ နိုင်ရေးကို စိစစ်စီစဉ်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြား တင်ပြအပ်ပါတယ်။

တတိယမေးခွန်းဖြစ်တဲ့ ချင်းပြည်နယ် အမှတ်(၃)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးပေါလ်ထန်ထိုင်း ရဲ့ ကြယ်ပွင့်ပြမေးခွန်းအား ပြန်လည်ဖြေကြားခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ချင်းပြည်နယ်၊ ထန်တလန်မြို့နယ် ပြည်သူ့ဆေးရုံမှာ လစ်လပ်လျက်ရှိတဲ့ သွားဘက်ဆိုင်ရာ ဆရာဝန်(၁)ဦးကိုတော့ ကျွန်တော်တို့ အခု သစ်လွင်သွားဘက်ဆိုင်ရာဆရာဝန်များ ခန့်ထားရန်စီစဉ်ဆောင်ရွက်လျက်ရှိတဲ့အတွက် ၄င်းသစ်လွင်သွားဘက်ဆိုင်ရာဆရာဝန်များ ခန့်ထားခွင့်ရရှိတဲ့အခါမှာ ဦးစားပေး ခန့်ထားပေးသွားမည် ဖြစ်ပါတယ်။

ချင်းပြည်နယ်၊ ဒီ ထန်တလန် ပြည်သူ့ဆေးရုံမှာ လည်းကောင်း၊ သက်ဆိုင်ရာ တိုက်နယ်ဆေးရုံမှာ လည်းကောင်း ဆေးပဒေသာပင်ကို ကျွန်တော်တို့ စိုက်ထူပေးထားပါတယ်။ ဆေးပဒေသာပင်စိုက်ထူတဲ့သဘောက နိုင်ငံတော်ဘတ်ဂျက်နဲ့ မဟုတ်ပါဘူး။ သက်ဆိုင်ရာ ဒေသဖွံ့ဖြိုးရေးနဲ့၊ အလှူရှင်များရဲ့ ထည့်ဝင်မှုနဲ့ ဒီဆေးပဒေသာပင်များကို ပိုမိုတိုးပွားအောင် စိုက်ထူးပြီးတော့ ၄င်းက ရခဲ့တဲ့ အတိုးတွေနဲ့ ကျွန်တော်တို့ သက်ဆိုင်ရာ မတတ်နိုင်တဲ့ လူနာရှင်များကို ကျွန်တော်တို့ ကုသပေးလျက်ရှိပါတယ်။ ချင်းပြည်နယ်၊ ထန်တလန်မြို့နယ်ပြည်သူ့ဆေးရုံမှာ ၂၀၀၀ခုနှစ်က ငွေကျပ်(၆)သောင်းနဲ့ ဆေးပဒေသာပင်စိုက်ထူခဲ့ရာကနေ အခုအချိန်မှာဆိုရင် ဆေးပဒေသာပင်ပေါင်း စုစုပေါင်း(၁၉၈)သိန်း အထိ ကျွန်တော်တို့ ဆေးပဒေသာပင်စိုက်ထူပြီးဖြစ်ပါတယ်။ ထိုနည်းတူစွာပဲ မှောင်တလန်တိုက်နယ်ဆေးရုံမှာလည်း ၂၀၀၃ ခုနှစ်က ငွေကျပ်(၁၅)သိန်းနဲ့ စတင်စိုက်ထူခဲ့ရာ ယခု အဆိုလို့ရှိရင်

(၃၃၆၇၀၀၀) ဖြစ်ပြီးတော့ လုံလဲရ်တိုက်နယ်ဆေးရုံမှာလည်း ၂၀၁၃ ခုနှစ်ကစပြီးတော့ ငွေကျပ် (၁၅)သိန်းနဲ့ စိုက်ထူခဲ့တာ ယနေ့အထိ စုစုပေါင်း(၃၄၂၆၀၀၀) စိုက်ထူခဲ့ပြီး ဖြစ်ပါတယ်။ ၄င်းဆေး ပဒေသာပင်များမှ ရရှိတဲ့ အတိုးငွေနဲ့လည်း သက်ဆိုင်ရာလူနာများကို ကုသပေးလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

ချင်းပြည်နယ်၊ ထန်တလန်မြို့နယ် ပြည်သူ့ဆေးရုံမှာ သီးသန့်လူနာဆောင် ဆောက်လုပ်နိုင် ရန်အတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ အဆိုပြုလျာထားပြီးတော့ ၄င်း ခွင့်ပြုရန်ပုံငွေနဲ့ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ ချင်းပြည်နယ်၊ ထန်တလန်မြို့နယ် ပြည်သူ့ဆေးရုံအတွက်လိုအပ်တဲ့ Major Operation Set (၁)စုံ၊ Minor Operation Set (၁)စုံ၊ နောက် Nursing Station Unit (၁)ခု ၊ Operation Lamp ခေါ်တဲ့ မီးစလောင်း(4 Bulbs)(၁)စုံ၊ Air Sep (၁)လုံး၊ နောက် သွေးပေါင်ချိန်တိုင်းကရိယာ (Sphygmomanometer) (၂)ခု တို့ကို ထောက်ပံ့ ပေးဖို့အတွက် ကျန်းမာရေးဦးစီးဌာနကနေပြီးတော့ ဗဟိုဆေးသိုလှောင်ရေးဌာနကို ညွှန်ကြားပေးပြီး ဖြစ်ပြီး ရန်ကုန်မြို့ ဗဟိုဆေးသိုလှောင်ရေးဌာနကလည်း မကြာခင် ဆက်လက်ထောက်ပံ့ပေးသွားမှာ ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ သို့သော် ချင်းပြည်နယ်၊ ထန်တလန်မြို့နယ်၊ မှောင်တလန် တိုက်နယ် ဆေးရုံနဲ့ လုံလဲရ်တိုက်နယ်ဆေးရုံများမှာတော့ အဆင့်မီခွဲစိတ်ခန်းများ ဆောက်လုပ်ထားခြင်း မရှိသေး တဲ့အတွက် အဆိုပါဆေးရုံများအတွက် ခွဲစိတ်ခန်းသုံးပစ္စည်းများ ထောက်ပံ့ပေးရန် လောလောဆယ် အစီအစဉ် မရှိသေးပါကြောင်း ပြန်လည် ဖြေကြားတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့ လာသော ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ အန္တရာယ်မှ တားဆီးကာကွယ်ရေးဥပဒေကြမ်းကို အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၀း၃၉။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ဓာတုပစ္စည်းနှင့် ဆက်စပ် ပစ္စည်းများအန္တရာယ်မှတားဆီးကာကွယ်ရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ၏ ပြင်ဆင်ချက်ကို ဆွေးနွေးရန် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း အမည်စာရင်း တင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် အမျိုးသား လွှတ်တော် ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားတဲ့ အတိုင်း တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူမှာ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ခေါင်းစဉ် ပြင်ဆင်ချက် -

ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ အန္တရာယ်မှ တားဆီးကာကွယ်ရေး ဥပဒေ

(၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်၊ ။)

၁၃၇၅ ခုနှစ်၊ လ ရက်

(၂၀၁၃ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် ခေါင်းစဉ် ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် ခေါင်းစဉ်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် - အခန်း(၁)၊ အပိုဒ် ၂(က)(ဃ)

(က) ဓာတုပစ္စည်း ဆိုသည်မှာ လူနှင့် တိရစ္ဆာန်တို့၏ ကျန်းမာရေးကို သော်လည်းကောင်း၊ အသက်ကိုသော်လည်းကောင်း အန္တရာယ်ဖြစ်စေသည့် သို့မဟုတ် သဘာဝ ပတ်ဝန်းကျင်အား ဆိုးကျိုး သက်ရောက်မှု ဖြစ်စေသည့် သဘာဝအရဖြစ်စေ၊ လူတို့၏ ပြုလုပ်ဖန်တီးရာမှ ဖြစ်စေ၊ ထွက်ပေါ်လာသော ဓာတုဒြပ်စင်၊ ဒြပ်ပေါင်းနှင့် ဒြပ်နှော‌များကို ဆိုသည်။ ယင်းစကားရပ်တွင် ဓာတုဒြပ်စင်၊ ဒြပ်ပေါင်းနှင့် ဒြပ်နှောများကို နည်းပညာအရ ဓာတ်ပြုပေါင်းစပ်ခြင်းဖြင့် ရရှိသော အခိုးအငွေ့၊ အရည်၊ အဆီနှင့် အစိုင်အခဲ စွန့်ပစ်ပစ္စည်းများ လည်း ပါဝင်သည်။

(ဃ) ဝန်ကြီးဌာနဆိုသည်မှာ ပြည်ထောင်စုအစိုးရ စက်မှုဝန်ကြီးဌာနကို ဆိုသည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူမရှိတဲ့အတွက်အခန်း(၁)၊ အပိုဒ် ၂(က)(ဃ)ပြင်ဆင်ချက်အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၁)၊ အပိုဒ် ၂(က)(ဃ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် - အခန်း(၃)၊ အပိုဒ် ၄(က)

ပြည်ထောင်စုအစိုးရအဖွဲ့သည်-

(က) ဗဟိုဦးစီးအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းရမည် -

(၁) စက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ ဥက္ကဋ္ဌ

(၂) ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဥက္ကဋ္ဌ

(၃) သက်ဆိုင်ရာဝန်ကြီးဌာနများမှ
ပြည်ထောင်စုဝန်ကြီးများ သို့မဟုတ်
ဒုတိယဝန်ကြီးများ အဖွဲ့ဝင်

(၄) သက်ဆိုင်ရာမြို့တော်စည်ပင်
သာယာရေးကော်မတီဥက္ကဋ္ဌများ အဖွဲ့ဝင်

(၅) ကျွမ်းကျင်သူပညာရှင်တစ်ဦး တွဲဖက်အတွင်းရေးမှူး(၁)

(၆) ပြည်ထဲရေးဝန်ကြီးဌာန၊ မီးသတ်ဦးစီးဌာန၊
ညွှန်ကြားရေးမှူးချုပ် တွဲဖက်အတွင်းရေးမှူး(၂)

(၇) ပြည်ထောင်စုအစိုးရ စက်မှုဝန်ကြီးဌာန၊
စက်မှုညွှန်ကြားရေးဦးစီးဌာန၊
ညွှန်ကြားရေးမှူးချုပ် အတွင်းရေးမှူး

ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အခန်း(၃)၊ အပိုဒ် ၄(က) ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၃)၊ အပိုဒ် ၄(က) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် - အခန်း(၅)၊ အပိုဒ် ၇(က)၊ အပိုဒ် ၈(စ)(ဇ)

၇။ (က) စက်မှုညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ မီးသတ်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က ဒုတိယဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့် အစိုးရဌာန၊ အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များက အဖွဲ့ဝင်များအဖြစ်လည်းကောင်း၊ ပါဝင်သော ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ အန္တရာယ်မှ တားဆီးကာကွယ်ရေး ဗဟိုကြီးကြပ်ရေးအဖွဲ့ကို ဖွဲ့စည်းရမည်။ ဗဟိုကြီးကြပ်ရေးအဖွဲ့၏ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးတို့ကို သတ်မှတ်ပေးရမည်။

၈။ (စ) ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများနှင့် စပ်လျဉ်း၍ မတော်တဆ ဖြစ်ပွားမှုများကို ကာကွယ်ရန်နှင့် လျော့ပါးစေရန် လုံခြုံရေးကိရိယာများ၊ ကိုယ်ခန္ဓာ ကာကွယ်ရေး ကိရိယာများထားရှိခြင်းနှင့် စနစ်တကျ သုံးစွဲတတ်စေရန် ပြည်တွင်း၊ ပြည်ပသင်တန်းများ တက်ရောက်စေခြင်း၊

(ဇ) အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်အရ တားမြစ်ထားသော ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများကို လည်းကောင်း၊ ယင်းတို့ကို ထည့်သွင်း အသုံးပြုသော စက်ကိရိယာများကို လည်းကောင်း ပြည်တွင်းသို့ တင်သွင်းခြင်းနှင့် ပြည်ပသို့ တင်ပို့ခြင်းများ မပြုရန် တားမြစ်ပိတ်ပင်ခြင်း ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အခန်း(၅)၊ အပိုဒ် ၇(က)၊ အပိုဒ် ၈ (စ)(ဇ) ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၅)၊ အပိုဒ် ၇(က)၊ အပိုဒ် ၈(စ)(ဇ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် - အခန်း(၆)၊ အပိုဒ် ၁၀(က)၊ အပိုဒ် ၁၂(ခ)

၁၀။ သက်ဆိုင်ရာကြီးကြပ်ရေးအဖွဲ့များသည်-

(က) ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ အန္တရာယ်မှ တားဆီးကာကွယ်ရန် စည်ပင်သာယာရေးအဖွဲ့၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များနှင့် ဓာတုဗေဒ ကျွမ်းကျင်သူ အနည်းဆုံးတစ်ဦးပါဝင်သော စစ်ဆေးရေးအဖွဲ့ကို လိုအပ်သလို ဖွဲ့စည်းရမည်။

၁၂။ (ခ) ပုဒ်မခွဲ(က)အရ ဖွဲ့စည်းသော စစ်ဆေးရေးအဖွဲ့သည် ပြည်ပမှ တင်သွင်းလာသောဘေးအန္တရာယ် ဖြစ်စေသည့် ဓာတုပစ္စည်းများကို သတ်မှတ်ထားသော နည်းလမ်းစည်းမျဉ်း စည်းကမ်းများနှင့်အညီ ထုပ်ပိုးခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ လက်ဝယ်ထားရှိခြင်း၊ သိုလှောင်ခြင်း ရှိ/မရှိကို လိုအပ်သလို စစ်ဆေးရမည်။ ထိုသို့ စစ်ဆေးရာတွင် ထူးခြားသော အခြေအနေများရှိပါက သက်ဆိုင်ရာကြီးကြပ်ရေးအဖွဲ့သို့ ချက်ချင်းတင်ပြရမည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အခန်း(၆)၊ အပိုဒ် ၁၀(က)၊ အပိုဒ် ၁၂(ခ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၆)၊ အပိုဒ် ၁၀(က)၊ အပိုဒ် ၁၂(ခ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အခန်း(၇)၊ အပိုဒ် ၁၅(ခ)

(ခ) တာဝန်ထမ်းဆောင်မည့်သူများကို သက်ဆိုင်ရာ ပြည်ပသင်တန်းများ သို့မဟုတ် အစိုးရဌာန၊ အဖွဲ့အစည်းများက ဖွင့်လှစ်သော ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ အန္တရာယ်မှ တားဆီးကာကွယ်မှု သင်တန်းများနှင့် ကျွမ်းကျင်မှု သင်တန်းများသို့ တက်ရောက်စေရမည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အခန်း(၇)၊ အပိုဒ် ၁၅(ခ) ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၇)၊ အပိုဒ် ၁၅(ခ) သည် ဤဥပဒေကြမ်း ၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ဖြည့်စွက်ချက် - အခန်း(၁၅)

၄၄။ ပုဒ်မ ၃၉ ပါ ပြစ်မှုကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုအဖြစ် သတ်မှတ်သည် ဟု ဖြည့်စွက်ထားပါတယ်။

ဒီ ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အခန်း(၁၅) ဖြည့်စွက်ချက် အတည်ဖြစ်သည်။

ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၁၅)၊ အပိုဒ် ၄၄ သည် ဤဥပဒေကြမ်း ၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

# အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၁၂)ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် (၁၃)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၀း၄၈။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန် အစည်းအဝေး (၁၃)ရက်မြောက်နေ့ကို ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက် အင်္ဂါနေ့ နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၄၈။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ကို (၁၀း၄၈)နာရီအချိန်တွင် ရပ်နားပါသည်။]